**ရှင်ရဟန်းပြုလိုခြင်း။** ။ထိုဆုတောင်းသံကို ကြားရသော သတို့သား ရေဝတသည် သတို့သမီး ကလေးနှင့် အသက်တရာ့နှစ်ဆယ် အဖွားကြီးကို နှိုင်းယှဉ်၍ ကြည့်မိ၏၊ အဖွားကြီးကား သွားကျိုး ဆံဖြူ နားအူ မျက်စိ မှဲ၍ အသားအရေများလည်း တွန့်တဲ့နေလေပြီ၊ နုနုဖပ်ဖပ် ၇-နှစ် သမီးကလေး၏ ဒီအဖွားကြီးကဲ့သို့ အိုရမည့်အရေးကို တွေးမိကာ လွန်စွာ စိတ်ပျက်လေသည်၊ငါ၏ နောင်တော်ကြီး သည်"ဤကဲ့သို့ အိုမင်းရွတ်တွ ဖြစ်ကြရဦးမည့် အကြောင်းကို ကောင်းကောင်းသိလို့သာ ဒီလို လက်ထပ်မှုကို စောစောကြီး စွန့်သွားတာ ဖြစ်လိမ့်မည်"ဟု တွေးကာ နောင်တော် အမ တော်များကို လွမ်းဆွတ်သည့် အသွင်ဖြင့် ရဟန်း ပြုလုပ် ချင်သောဆန္ဒ ပြင်းပြစွာ ဖြစ်လာလေသည်။

**ထွက်ပြေးခြင်း။** ။ထို့နောက် သတို့သမီးကို လှည်းယာဉ်ပေါ် တင်၍ သတို့သားနှင့်အတူ နေရပ်သို့ ခေါ် ယူ လာသောအခါ သတို့သားသည်(ကျင်ကြီးကျင်ငယ်စွန့်လိုသည့် ဟန်ဖြင့်) လှည်းပေါ် မှဆင်း၍ ချုံကွယ်ရာသို့သွား၏၊ အတော် ကြာမှ ချုံကထွက်၍ လှည်းပေါ် တက်၏၊ ဤနည်းအားဖြင့် (ခွတ်ပျက်သော ရောဂါ ဖြစ်သည့်ပမာ) မကြာမကြာ ဆင်း၏၊ နောက်ဆုံး၌ကား "လှည်းကို မောင်းနှင့်ကြ၊ လိုက်ခဲ့ မည်ဟု" ပြော၍ ဆင်းပြန်၏၊ ဆွေမျိုးများလည်း စိတ်ချ၍ လှည်းကို ခပ်ဖြည်းဖြည်း မောင်းနှင်သွားကြ၏၊ သတို့သား သည် အခွင့်ကောင်းရသဖြင့် ရဟန်းတော်များ နေထိုင်ရာ ကျောင်းသို့ ထွက်ပြေး၍ အရှင်သာရိပုတြာ၏ ညီတော် ဖြစ်ကြောင်း ရှင်သာမဏေပြုလိုကြောင်း လျှောက်လေသည်။